# အိမ်မြှောင်လှောင်အိမ် အခန်း ၂၆

ကောင်လေးဟာ သူ့ဘဝကို မမေ့နိုင်သလို၊ သတိလည်း မရချင်ပါ။ ထောင်ထဲမှာ နေ နေရတဲ့ အခြေမို့ သတိလည်း မရချင်ပါ။ ကောင်လေးရဲ့ ဖခင်ဟာ ထောင်ထဲမှာ ရာ ထူးငယ်တဲ့ ဝါဒါ တယောက်ဖြစ်တယ်။ ကြီးကြပ်တဲ့ လူမဟုတ်လို့ သူ့ဖခင် အကြောင်း၊ ပြော စရာ သိပ်မရှိပါ။

ဒါပေမယ့် ကောင်လေးရဲ့ အမေဟာ စကားသိပ်များသလို၊ သီချင်းလည်း အမြဲဆို နေတတ်တယ်။ အခုဆိုရင် သိပ်ကြာခဲ့ပြီ။ သူ့ရဲ့ အမေ ခွဲသွားတာ ကြာခဲ့လို့၊ အမေရဲ့ သီချင်း အသံကို ကောင်လေး မမှတ်မိနိုင်တော့ပါ။ ဒါပေမယ့် သူ့အမေဆုံးပါးသွားစေတဲ့ ရောဂါ ကြီး ကိုတော့ ကောင်လေးမမေ့နိုင်ပါ။

**"ငွေ ဆိုတာ ကောင်လေးတို့ ဘဝမှာ သုံးမျိုးပဲ အသုံးဝင်ပါတယ်။ ဆန်၊ ထမင်းရည်၊ ဆေးဝါးရယ် ဆိုတာပဲ။"**

ကောင်လေးအမေဟာ ဆေးဝါးမျိုးစုံနဲ့ ကုသပေမယ့်၊ နောက်ဆုံး ဆေးဝါးတွေဟာ သွေးပဲပြန်ဖြစ်သွားတယ်။ အမေ့ပါးစပ်ထဲက ပြန်ထွက်လာတာ၊ မြွေသေးသေးလေးတွေလို၊ သွေးစတွေပဲဖြစ်ပါတယ်။ အနီရောင်ဆိုပေမယ့်၊ အမဲရောင် ပိုပြီးသန်းပါ တယ်။

အမေကွယ်လွန်တာ ကြာခဲ့ပြီမို့၊ အမေအကြောင်း ထပ်မစဉ်းစားခဲ့တော့ပါ။ အ သက်ဆက်ရှင် နေထိုင်ဖို့ပဲ၊ အရေးကြီးတယ်မဟုတ်ပါလား။ ဒီကောင်လေးဟာ ထောင်ထဲကို ရောက်လာတဲ့ အကြောင်းဟာ သူ့အဖေကို ကူညီလုပ်ကိုင်ပေးဖို့ အဓိကပဲဖြစ်ပါတယ်။ သူ့ ကို ထောင်ထဲမှာ ဆက်ထားဖို့လည်း၊ တခြားဝါဒါတွေ ခိုင်းတာမှန်သမျှ၊ ကောင်လေးလုပ်ပေး ပါတယ်။ သူ့အဖေလည်း သူ့အမေလိုပဲ၊ ချောင်းဆိုးရင်း သွေးတွေ အန်ပြီး၊ ဆုံးသွားတယ်။

ထောင်ခန်းအပြင်ဘက်မှာ ကောင်လေးတို့အိမ်ရှိတယ်။ လမ်းမကြီးတဖက်မှာဖြစ် ပြီး၊ ထန်းပင်တွေ၊ သရက်ပင်တွေ ရှိတယ်။ သစ်သားတွေနဲ့ ဆောက်ထားတဲ့ ရွာကြီးတရွာလို ဖြစ်ပါတယ်။ တချို့ အိမ်တွေဟာ သံဖြတ်ပိုင်းတွေ၊ ဆိုင်းပုဒ် တွေနဲ့ ကာရံထားတယ်။ ဒါ ပေမယ့် လေပြင်းပြင်းတိုက်ရင် ဝက်နံ့တွေ၊ အိမ်သာနံ့တွေဟာ အလွန်ဆိုးဝါးလှပါတယ်။

ဒီလိုနဲ့ပဲ သွားလိုက်ပြန်လိုက်နဲ့ အဖေရဲ့လက်ကို ကိုင်ထားရင်း၊ အဖေနားမှာပဲ အမြဲရှိတယ်။

**"လက်ကလေးတွေဟာ အရိုးပြိုင်းပြိုင်းထနေတယ်။ စားစရာဆိုလို့ ဆန်ကွဲပဲ ရှိတယ်။ ထွင်းရည် သောက်ရတာ များတယ်။ အရိုးပြိုင်းပြိုင်းနဲ့ ခန္ဓာကိုယ်ဟာ အမြဲတမ်း အစာမဝလို့ ဆာနေတယ်။"**

တချို့သောညမှာ လူတွေ အရက်မူးပြီး၊ တယောက်နဲ့ တယောက် ဓါးတွေနဲ့ ထိုးကြ၊ ခုတ်ကြ၊ ပုလင်းကွဲနဲ့ထိုးကြ၊ ပုလင်းနဲ့ ရိုက်ကြနဲ့ ရန်အကြီးအကျယ် ဖြစ်ကြတယ်။ ထောင်ထဲမှာနေရတာ ပိုပြီး စိတ်ချရတယ်။ ဆိုးတဲ့လူတွေ အများစုဟာ ထောင်ထဲမှာ နေကြပေမယ့်၊ ရန်မဖြစ်ကြဘူး။ သိပ်ဆိုးတဲ့ ခွေးကြီးတွေကို လူတွေဟာ ကြောက်ကြတယ်။

အဖေနဲ့ မဝေးရအောင် အဖေနားမှာ အမြဲကပ်နေတယ်။ နေမကောင်းလို့ ချောင်းသိပ်ဆိုးလာတဲ့ အချိန်တွေမှာ ကောင်လေးဟာ အဖေအတွက် ဆေး အမြန်ရှာဝယ်ပေးတယ်။

"အဖေ့ကို သူသိပ်ဂရုစိုက်တာဟာ အဖေမရှိတော့ရင် ကောင်လေးဟာ သူ့ကို မိဘမဲ့ဂေဟာကို ပို့လိုက်မှာ ကြောက်တာလည်းပါတယ်။"

နောက်ပြီး လမ်းဆောက်လုပ်ရေး ကျောက်ခဲထုတဲ့ လုပ်ငန်းတွေ မလုပ်ချင်ဘူး။ ဒါပေမယ့် အဖေက ပြောဘူးတယ်။ ငါသေသွားရင် မင်းမိဘမဲ့ဂေဟာဖြစ်ဖြစ်၊ လမ်းဆောက်တဲ့ အလုပ်မှာပဲဖြစ်ဖြစ်၊ ရောက်သွားမှာပဲဆိုးတယ်။ ဒါမှမဟုတ်လို့ ကံကောင်းရင်တော့ အိမ်ဆောက်တဲ့ အလုပ်မှာ ကျောက်ခဲသယ်၊ ဘိလပ်မြေ သယ်တဲ့ အလုပ်ပဲ လုပ်ရမှာဘဲ။

ဒါပေမယ့် အဖေကိုသေစေခဲ့တာဟာ ချောင်းဆိုးသွေးပါ၊ ရောဂါကြောင့် မဟုတ်ဘူးလို့ ထောင်မှူး ကိုရန်နိုင် ပြောပြလို့ သိရတယ်။ ရန်ကုန်– မန္တလေး လမ်းမကြီးပေါ်မှာ မနက်မိုးမလင်းပဲ၊ အမှောင်ထဲမှာ မီးလုံးမဖွင့်ထားတဲ့ ကုန်တင်ကားကြီးတိုက်လို့၊ အဖေဆုံးသွားခဲ့တယ်။

အဖေဟာ သူ့ရဲ့ ပုခုံးကို ဆောင့်တွန်းလိုက်တယ်။ သူ့ဘဝမှာ အဖေဟာ သူ့ကို ဒီလို တခါမှ နာနာကြင်ကြင် မတွန်းပုတ်ခဲ့ဖူးဘူး။ ကောင်လေးဟာ လမ်းဘေးကို လွင့်သွားတယ်။ ဖုန်တွေဟာ ပါးစပ်ထဲကို ဝင်လာတယ်။ မျက်စေ့ထဲလည်း ဝင်သွားတယ်။ အသက်ရှူလို့ မဝသလိုဖြစ်သွားတယ်။ မြေပြင်ပေါ်မှာ ခဏလောက် လှဲနေရင်းနဲ့ ပါးစပ်ထဲ၊ နှာခေါင်းထဲ ဝင်သွားတဲ့ ဖုန်တွေကို ကြိုးစားမှုတ်ထုတ်လိုက်တယ်။ ဒါပေမယ့် နှုတ်ခမ်းနဲ့ ပါးပြင်မှာ

တော့ သဲမှုန်တွေ၊ ဖုန်တွေ ကျန်နေတုန်းဘဲ။

ဘယ်လိုပဲဖြစ်ဖြစ် မနက်ဟာ မိုးလင်းစပြုလာပြီ။ နေရောင်လည်းသန်းလာပြီ။ သူ့အဖေ လဲကျသွားတဲ့ နေရာကို လှမ်းပြီး ကြည့်လိုက်တယ်။ သူ့အဖေဟာ လမ်းမဖက်မှာ ကျန်ခဲ့တယ် မဟုတ်ပါလား။ သူ့အဖေရဲ့ ခြေထောက်က သူ့ဆီကို ဆန့်ပေးနေတယ်။ လက်ကို ဆန့်ပြီး၊ လှမ်းလိုက်သလို ပုံမျိုးပဲ။ အဖေရဲ့ ဖိနပ်ကို လှမ်းပြီးကြည့်မိတယ်။ အဖေရဲ့ ဖိနပ်ဟာ အသစ်မို့လို့၊ အဖေ ဖိနပ်မရှိတော့တာ စိတ်ဆိုးမှာပဲလို့ တွေးမိတယ်။ ဖိနပ်က အဖေနဲ့ အဝေးကြီးမှာ။

အဖေ့ ပုဆိုးဟာ ပြဲနေပြီး၊ ရင်ခေါင်းပေါ်ရောက်နေတယ်။ အဖေ့ ခန္ဓာကိုယ်ဟာ တွန့်ပြီးလိမ်နေသလိုဖြစ်နေတယ်။ အဖေခေါင်းဟာ သွေးတွေ ထွက်နေတယ်။ ဘယ်သူမှ မရောက်လာဘူး။ ကောင်လေးလည်း ဘာမှမလုပ်တတ်တော့၊ အကျဉ်းထောင်ကြီးရဲ့ ဂိတ်ဝကို အပြေးလှမ်းသွားခဲ့တယ်။ သူ့ရဲ့ သွားတချောင်းလည်း ကျွတ်သွားတယ်ထင်တယ်။

ထောင်ဝန်ထမ်းနှစ်ယောက်ဟာ အဖေ့ကို ထရပ်ကားပေါ်တင်ပြီး၊ မောင်းထွက်သွားတယ်။ အဖေ့ကို ဘယ်ကို ခေါ်သွားကြတာလည်း။ ကောင်လေးဟာ ကြောက်လို့ မမေးရဲပါ။ ဒါပေမယ့် ကောင်လေး သိထားတာ တခုရှိတယ်။ လူသေကောင်ဟာ မသင်္ဂြိုဟ်ရင်၊ သရဲ၊ တစ္ဆေ ဖြစ်သွားပြီး၊ မကျွတ်တော့ဘူးဆိုတာပဲ။ ကောင်လေးဟာ သူ့ကိုယ်သူ အပြစ်တင်မိတယ်။ သူဟာ သူ့ရဲ့ အဖေကိုတောင် မသင်္ဂြိုဟ်နိုင်ဘူးဆိုတာပဲ။ တကယ်ဆိုရင်လည်း သူလည်း ဘာမှ မတတ်နိုင်ပါ။ မြေကြီးထုတ်တဲ့ ပေါက်တူးတချောင်း၊ ဂေါ်ပြားတလက်တောင် သူ့မှာ မရှိပါ။

အဖေလဲကျတဲ့ နေရာကို တခါ သူထပ်သွားတယ်။ ယင်ကောင်တွေဟာ သွေးတွေပေါ်မှာ နားနေကြတယ်။ လမ်းမပေါ်မှာ သွေးပေနေတဲ့ သူ့အဖေရဲ့ သွားတချောင်းကို တွေ့လိုက်ရတယ်။ သူကြောက်လန့်မှုကြောင့် သူ့အဖေကို သေသေချာချာ မဆန်းစစ်လိုက်ရတာကို နောင်တရမိတယ်။

အမေ့ကို တဖြည်းတဖြည်းမေ့သွားသလို၊ အဖေ့ကိုလည်း တဖြည်းဖြည်း သူမေ့သွားမှာ စိုးရိမ်မိတယ်။ အဖေ့သွားကို ကိုင်ထားတဲ့ သူ့လက်ချောင်းတွေပေါ်မှာ ယင်ကောင်တွေ လာနားနေတယ်။ ယင်ကောင်တွေဟာ ဒေါင်းအရောင်လို အစိမ်းရောင်သန်းနေတယ်။ ယင်ကောင်တွေ ပျံနေတဲ့ အသံဟာ၊ သူ့အဖေကို တိုက်သွားတဲ့ ထရပ်ကားကြီးရဲ့ အသံလိုပဲ

ကောင်လေးနားထဲမှာ ဆူညံနေတယ်။

သူ့အဖေ သွားပေါက သွေးတွေကို သစ်ရွက်တရွက်နဲ့ သုတ်ပစ်လိုက်ပြီး၊ သဲဘူးလေး သေးသေးထဲမှာ သိမ်းထားလိုက်တယ်။ ကောင်လေးဟာ သူ့ရဲ့ အဝတ်ဟောင်းတွေနဲ့ အဖေလက်ကျန် အဝတ်တွေကို စုသိမ်းလိုက်တယ်။ အမေ အမြဲသုံးလေ့ရှိတဲ့ သနပ်ခါးဗူးလေး ထဲမှာ အဖေ့သွားကို ထည့်လိုက်တယ်။

အိမ်ရှေ့မှာ အိမ်ရှင်ရောက်နေပြီ၊ ကောင်လေးက ဘာပြောရမလဲဆိုတာ မစဉ်းစားတတ်ပါ။ ကောင်လေးကို အိမ်ငှားခ လာတောင်းနေပြီ။ ဘယ်လိုလုပ်ရမလဲ။

"ကောင်လေးက–– သူ့မှာ ငွေမရှိလို့ အိမ်လခ မပေးနိုင်ဘူးပြောလိုက်တယ်။"

"အိမ်ရှင်က –– ကောင်းပြီ၊ မင်း အိမ်လခ မပေးနိုင်ရင်၊ ငါ ပုလိပ်တွေ ခေါ်လိုက်မယ်။ မင်းကိုသူတို့ ထောင်ချ ကြလိမ့်မယ်လို့" ပြောလိုက်တော့၊ ကောင်လေးသိပ်ကြောက်လာတယ်။

ဒါပေမယ့် ကောင်လေးဟာလည်း တကယ်ပဲ ထောင်ထဲမှာပဲ နေစရာရှိတော့တယ် မဟုတ်ပါလား။ သူ့အဖေအလုပ် လုပ်တဲ့နေရာဟာ ထောင်ပဲ မဟုတ်ပါလား။

"ကောင်လေးက –– ဟုတ်ကဲ့ ကျတော်လည်း ထောင်ထဲကိုသွားတော့မှာပါလို့ အလောတကြီး ပြန်ပြောလိုက်တော့––––

အိမ်ရှင်ဟာ စိတ်ဆိုးပြီး၊ ကောင်လေး ခေါင်းကို လက်နဲ့ ပိတ်ရိုက်လိုက်ပြီး၊ ကောင်လေးရဲ့ ပုခုံးနှစ်ဖက်ကို ချုပ်ပြီး ကိုင်ထားတယ်။"

"ကောင်လေးဟာ အိမ်ရှင်ကို ပြန်တောင်းပန်လိုက်တယ်။ ကျတော်ထောင်ထဲ ပြန်သွားပြီး၊ အလုပ်လုပ်ပါ့မယ်။ အဖေကျန်တဲ့ အိမ်လခကို တဖြေးဖြေးချင်း ပြန်ဆပ်ပါ့မယ်လို့ ပြောလိုက်တယ်။"

"အိမ်ရှင်ဟာ ကောင်လေးကို လွှတ်လိုက်ပေမယ့်၊ ကောင်လေးရင်ဘက်ကို လက်ညှိုးနဲ့ ထိုးလိုက်ရင်း၊ မင်းလိမ်မပြောနဲ့လို့ ပြောလိုက်တယ်။"

တကယ်တော့ ကောင်လေး ညာပြောတာပဲဖြစ်တယ်။ လောလောဆယ် (၇) နှစ်ပဲရှိသေးတော့၊ ဘာအလုပ်၊ လုပ်နိုင်မှာလည်း သေချာမသိပေမယ့်၊ ကတိကို လွယ်လွယ်ပေးလိုက်မိတယ်။ အဲဒီနောက်မှာ ကောင်လေးဟာ ဝါး၊ ဓနိတွေနဲ့ သူတို့နေတဲ့အိမ်လေးကို ဘယ်တော့မှ မပြန်တော့ပဲ၊ သူ့ရဲ့ ကမ္ဘာသစ်ဖြစ်တဲ့ ထောင်ထဲမှာပဲနေဖို့ ဆုံးဖြတ်လိုက်တယ်။

ပထမဆုံး ထောင်ထဲက ဘုရားဘေးက အဆောင်ထဲက စတိုခန်းလို နေရာမှာ ကောင်လေး နေတယ်၊ အိပ်တယ်။ တကယ်ဆိုရင် အဲဒီဇရပ် အဆောင်ဟာ ဝါဒါတွေ၊ နားကြ၊ သတင်းစာဖတ်ကြနဲ့၊ နားနေကြတဲ့ နေရာကောင်းတခု ဖြစ်ပါတယ်။ အဲဒီဇရပ်ဟာ ဆေးရုံနဲ့ ဖိုကြီးကြားမှာ ရှိနေပါတယ်။ ထောင်မှူးကိုချစ်နိုင်နဲ့ တန်းဆီး ကိုကျားကြီးက ကောင်လေးကို ထောင်က စဖိုမှူးနဲ့ မပေါင်းပဲ၊ ဝေးဝေးနေဖို့ သတိပေး ဆုံးမထားတယ်။ တကယ်တော့လည်း ဝါဒါတွေနေတဲ့ အဆောင်မှာ ကောင်လေး မနေတာ ပိုကောင်းပါတယ်။ ဝါ ဒါ အဆောင်ဟာ လူများလို့ ထောင်စဖိုမှူး အိမ်သာသွားရင် ဝါ ဒါအဆောင်ကို မသုံးရပါ။ ဝါဒါတွေက စဖိုမှူးဟာ အနံ့ သိပ်ဆိုးလို့ အနားအကပ် မခံကြဘူး မဟုတ်လား။

သာမန် ထောင်ဝါဒါတွေဟာ လခနည်းတဲ့ ဝန်ထမ်းတွေမို့ မိသားစု စားဝတ်နေရေးကို တလ၊တလ အလျှင်မမီနိုင်ဘူး ဖြစ်ကြတယ်။ စားဖိုမှူးကတော့ ယာထဲက အသီး၊ အနှံတွေကို ခိုးပြီး ရောင်းစားရင်းနဲ့ တနေ့တခြား လူဟာ ပို၊ ပို ဝလာတယ်။

ကောင်လေးဟာ သူ ရှာထားတဲ့ သစ်သားချောင်းလေးတွေ၊ သံတို၊ သံစတွေနဲ့ ခွေးလှောင်အိမ် သာသာလို၊ အိမ်မျိုးကို ကိုယ့်ဖာသာကိုယ် ဆောက်ရင်း၊ သူပိုင်တဲ့ပစ္စည်းတွေကို အဲဒီအိမ်လေးထဲမှာ သိမ်းထားတယ်။

ကောင်လေး အလုပ်ကြိုးစားလုပ်တယ်။ တိုက်ပိတ်ဆောင်ဘက်မှာ အလုပ် လုပ်ရတာကို ကောင်လေး သဘောပိုကျတယ်။ တိုက်ပိတ်ဆောင်ဖက်က အကျဉ်းကျလူတွေဟာ ကောင်လေးကို ခိုင်းပြီးရင်၊ ထမင်း(သို့) ဆေးပေါ့လိပ်တို့ ပေးကြတယ်။ ဆေးပေါ့လိပ်ဟာ ထောင်ထဲမှာ အမြဲလိုအပ်နေတဲ့အရာဖြစ်လို့ ဘယ်မှာဖြစ်ဖြစ် ရောင်းလို့ရတယ်။

နောက်ထပ် တမျိုးက၊ ကောင်လေးဟာ ကြွက်သတ် ကျွမ်းကျင်လို့၊ ထောင်ဝင်စာ မရှိတဲ့ (သို့) လာမတွေ့တဲ့ အကျဉ်းသားတွေဟာ ကောင်လေးကိုပဲ အားထားကြရတယ်။ တကယ်ဆိုရင်၊ ထောင်ထဲက ကြွက်တွေဟာ၊ လယ်ကြွက်တွေလို မဟုတ်ဘူး။ အကျွင်းအကျန်တွေ အားလုံး လျှောက်စားနေတတ်တာ။ နံလည်းနံတယ်။ ကောင်လေးဟာ အကျဉ်းသားတွေရဲ့ တတ်နိုင်မှု၊ ချမ်းသာမှု အပေါ်မူတည်ပြီး၊ ကြွက်တကောင်ကို အနည်းဆုံး ငါးကျပ်က စပြီး ရောင်းတယ်။ တတ်နိုင်တဲ့အကျဉ်းသားတွေက တဆယ်လည်း ပေးတတ်ပါတယ်။ ကောင်လေးဟာ ကြွက်သားမကြိုက်ဘူး။ ဒါကြောင့် ထောင်အပြင်က အစားအစာနဲ့ ကြွက်သုံးကောင် လောက်နဲ့ လဲတတ်တယ်။

အကျဉ်းသားတွေ ထောင်ဝင်စာ လာတွေ့ခံရရင်၊ ပိုက်ဆံရတတ်ကြတယ်။ ငွေဆိုတာ ထောင်ရဲ့ အပြင်ဘက်မှာလုပ်တဲ့အရာပဲ မဟုတ်ပါလား။ ကောင်လေး စိတ်ထဲမှာ ငွေစက္ကူတွေ လုပ်တဲ့နေရာဟာ ထောင် (၅) အဆောင်တဲကြီးမှာပဲလို့ တွေးမိတယ်။ အဆောင် (၅) မှာ စက္ကူတွေ၊ ကပ်ကြေးတွေရှိတယ်လေ။ တခါတုန်းက သန့်ရှင်းရေးလုပ်နေတုန်း၊ အမဲရောင် ကပ်ကြေးကြီး တခုတွေ့ဘူးတယ်။ အလွန်ရှည်တဲ့ ပါးစပ်ကြီးနဲ့တူတယ်။ ကောင်လေးဟာ ကက်ကြေးကို မြင်ပြီးကတည်းက သူလည်း ကပ်ကြေးလေးတခုလောက် ကိုယ်ပိုင်သိမ်းထားချင်တယ်။

"ကောင်လေးဟာ ထောင်ထဲမှာသုံးတဲ့ လက်နက်မျိုးစုံကို မြင်ခဲ့ဘူးတယ်။"

**"ဘလိပ်ဓါး အကျိုးကို သစ်သားချောင်းထဲမှာ နှစ်ထားပြီး၊ လူကိုခုတ်ရင် လူဟာ သွေးတွေ အများကြီး ထွက်လာတတ်တယ်။ တခါတလေ အသုံးပြု ပြီးလို့ ပစ်ထားတဲ့ ဆေးထိုးအပ်တွေကိုလည်း၊ လက်နက်အဖြစ် အသုံးပြုလို့ရတယ်။ သံချောင်း သေးသေးရရင်၊ သေသေချာချာ ထက်အောင်သွေးပြီး၊ လူကိုသတ်လို့ရတယ်။ စက်ဘီး စပို့တိုင်ဟာ အသုံးအဝင်ဆုံး လက်နက်ဖြစ်တယ်။"**

"ကပ်ကြေးနဲ့ စာရွက်တွေကို ညှပ်ပြီး ပုံဖေါ်တတ်လာတယ်။ ကောင်လေးဟာ ကတုံးမရိတ်ပဲ၊ ဆံပင်ကို ကပ်ကြေးနဲ့ ကိုယ့်ဟာကိုယ် ညှပ်လေ့ရှိတတ်တယ်။"

"ငါးကျပ်တန်ပိုက်ဆံ စက္ကူထဲက ဗိုလ်ချုပ်အောင်ဆန်းပုံကို ကတ်ကြေးနဲ့ ညှပ်ပြီး၊ နံရံမှာ ကပ်ထားချင်တယ်။"

အဆောင် (၄) က တန်းဆီးဟာ အဆိုးဆုံး လူတွေကို အုပ်ချုပ်ရတဲ့ လူဖြစ်တယ်။ သူကတဆင့် ဗိုလ်ချုပ်အောင်ဆန်း အကြောင်းသိရတယ်။ တန်းဆီး အခန်းနံရံမှာလည်း ဗိုလ်ချုပ် ဓာတ်ပုံ ချိတ်ထားတယ်။

**"ဗိုလ်ချုပ်ဟာ သူရဲကောင်းဖြစ်တယ်။ စစ်သားကောင်းလည်းဖြစ်တယ်။"**

စစ်သားဆိုတဲ့နေရာရောက်တော့ တန်းဆီးအသံပိုကျယ်လာတယ်။

**"ကမ္ဘာပေါ်မှာ ရှိတဲ့ ဘယ်စစ်သားမှ ဗိုလ်ချုပ်အောင်ဆန်းကို မမှီဘူးကွလို့ ကြွေးဝါးလေ့ရှိတယ်။ အခုခေတ် ဗိုလ်ချုပ်တွေလည်း၊ ဗိုလ်ချုပ်အောင်ဆန်းကို မမှီကြဘူး။ ဗိုလ်ချုပ်အောင်ဆန်းဟာ အင်္ဂလိပ်တွေကို မောင်းထုတ်နိုင်ပြီး၊ တတိုင်းပြည်လုံးကို အုပ်ချုပ်နေတဲ့ ဖက်စစ်ဂျပန်တွေကိုလည်းတိုက်ထုတ်နိုင်တယ်။"**

"တခါတလေ ကောင်လေး ရန်ကုန်မြို့ကို သွားလေ့လာချင်တယ်။ ထောင်မှူး ဦးချစ်နိုင် ပြောပြချက်အရဆိုရင်၊ ကားနဲ့သွားရင် နာရီဝက်နဲ့တောင်ရောက်နိုင်တယ်လို့ ပြောတာပဲ။"

ဒါပေမယ့် ကောင်လေးဟာ အင်ဂျင်ပါတဲ့ ဘတ်(စ်) ကားတွေ၊ ကားတွေကို တခါမှ မစီးဖူးပါ။ လမ်းပဲလျှောက်သွားပြီး ကြည့်ချင်တယ်။ တကယ်လို့ စိတ်ကူးထဲက အတိုင်း ဖြစ်လာမယ်ဆိုရင် ကောင်လေးဟာ ထူးဆန်းအံ့ဘွယ်တွေ အများကြီးတွေ့ရမယ်။ ရွှေတိဂုံ ဘုရားကြီး၊ ဆူးလေ ဘုရားကြီး၊ တရုတ်တန်းဆိုတဲ့နေရာရယ်၊ တရုတ်ဘုံကျောင်းတွေရယ်၊ မြင်ရမယ် မဟုတ်ပါလား။ ရွှေတွေနဲ့ ဆောက်ထားတဲ့ ရွှေတိဂုံဘုရားကြီးမှာ ကျောက်သံပတ္တမြားတွေကို မြင်တွေ့ရမယ်။ ပျော်စရာကြီးပဲ။

အကျဉ်းကျနေတဲ့ ထောင်ကျ အကျဉ်းသားတွေရဲ့ ပြောပြချက်အရဆိုရင်၊ ရန်ကုန်မြို့ ကြီးမှာ မဟာဗန္ဓုလ လမ်းမကြီး၊ ဗိုလ်ချုပ်ဈေး၊ အင်းယား ကန်ကြီး လည်းတွေ့ရမယ်။ ကောင်လေးဘဝမှာ တခါမှ မတွေ့ဘူးတဲ့ ရေကန်အကြီး ကြီး၊ ရေတွေအများကြီးရှိတယ်။ ရွက်လွှင့်တဲ့ လှေတွေလည်းရှိတယ်တဲ့။ ဒါပေမယ့် ကောင်လေးဟာ၊ ငါ လမ်းလျှောက်ပြီး၊ အဲဒီ နေရာတွေအားလုံးတွေ့ရဖို့ဟာ ဘယ်လောက်ကြာမလဲ ဆိုတာတွေးပြီး၊ စိုးရိမ်သွားတယ်။

"ကောင်လေး ဆုံးဖြတ်ထားတယ်။ ငွေကို ပိုစုမယ်။ နောက်နှစ်မှာ ရန်ကုန်မြို့ ကြီးကို သွားကြည့်မယ်။ ကောင်လေး မှတ်မိတယ်။ သူနေတဲ့ ရွာတန်းလေးက လူတွေ ဘတ်(စ်) ကားပေါ်ကို တက်သွားတာ၊ လူတွေ အများကြီး ဘတ်(စ်) ကားထဲမှာရှိတယ်။ ရန်ကုန်မြို့ ကြီးမှာလည်း လူတွေအများကြီး ရှိမှာပဲ။"

တခါတလေ ဒီထောင်ချောက်ကြီးထဲမှာ နေ နေရင်း၊ အပြင်က အကြောင်းတွေ တွေးရင်းနဲ့ ထောင်ကြီးက ထွက်သွားကြည့်ချင်တယ်။ အပြင်ဘက်မှာ ကောင်လေးဟာ သူ့ အဖေကို ကားနဲ့တိုက်သတ်ခဲ့တဲ့ သူကို ရှာနိုင်တယ်။

"ထောင်မှူးကိုချစ်နိုင်ဟာ မင်းဟာ ဗုဒ္ဓဘာသာဝင်ဖြစ်တယ်။ မင်းရွှေတိဂုံဘုရားကို အရင်သွားရမယ်။ မင်းဟာ ဗမာလူမျိုး၊ ဘုန်းကြီးကျောင်းလည်း သွားရမယ်။ မင်း ဘုန်းကြီး ကျောင်း တခါမှ မရောက်ဖူးဘူး မဟုတ်လား။?"

ဒါပေမယ့် ကောင်လေး တွေဝေလာတယ်။ သူရဲ့အဖေဟာ စီနီယာ ဆာဒီ လို့ခေါ်တဲ့ ဗမာမူစလင် တမျိုး ဘာသာဝင်ဖြစ်တယ်။ သူ့ အဖေ မနက်စောစော မိုးမလင်းခင်

ထပြီး၊ ဘုရားရှိခိုးတာ မှတ်မိတယ်။ မူစလင် အကျဉ်းသားတွေ နေ့လည်ခင်းမှာ ဝတ်ပြုရင်၊ ပါးစပ်က အာလာ၊အာလာ ဆိုတဲ့ ရွတ်သံကြားဖူးတယ်။ ဗုဒ္ဓဘာသာဝင်တွေလည်း ဗုဒ္ဓ ရုပ် အရှေ့မှာ ဘုရားစာ ရွတ်ကြတာပဲ။

"ဦးချစ်နိုင် ပြောပြတာတခုတော့ရှိတယ်။ ဗုဒ္ဓဘုရားဟာ ကောင်လေးအဖေ ကိုး ကွယ်တဲ့ အာလာနဲ့ မတူဘူးတဲ့။"

မတူတာတွေ ဖြစ်နိုင်တယ်။ ဦးချစ်နိုင်က ငါ့ကို ဘာဖြစ်လို့ ရွှေတိဂုံ သွားခိုင်းတာ လဲ၊ ဘာပဲဖြစ်ဖြစ် ထောင်မှူးဦးချစ်နိုင်ဟာ သူ့အပေါ် အမြဲကောင်းတဲ့လူ မဟုတ်လား။ ထောင်မှူးဦးချစ်နိုင်ဟာ ငါ့ကို ကောင်းကောင်း မွန်မွန်ဘဝကို ရောက်စေချင်တာအမှန်ပဲ။ အာ လာ ဆိုတာ မျက်စိနဲ့ မမြင်နိုင်တဲ့ လေထုကြီးဖြစ်လို့၊ လူတွေ လေထုကြီး ကြည့်ပြီး ဝတ်ပြု ကြတာပေါ့။ ဗုဒ္ဓဟာ ရွှေအတိရှိတဲ့ ရုပ်ထုကြီးဖြစ်တယ်။ ဘုရားတိုင်းမှာ ဗုဒ္ဓရုပ်ထု တွေ့ရ တယ်။ ကောင်လေးသိတာတွေရှိတယ်။ တန်ခိုးအင်အားကြီး ဘုရာကြီး (၂) ဆူ ရှိတယ် ဆို တာပဲ။

ဒါပေမယ့် ဘုရားရှိခိုးပုံ၊ ရှိခိုးနည်းကို သူ့ကို ဘယ်သူမှမသင်ပေးဘူး။ ကောင်လေး အမေဟာ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး၊ အိမ်ဘုရားစင်ရှိတာ မှတ်မိတယ်။

" ထောင်မှူးဦးချစ်နိုင်က---

ကောင်းပြီ မင်းဘုန်းကြီးကျောင်း၊ ဘုရားတွေရှိတဲ့နေရာ မရောက်ဖူးဘူး မ ဟုတ်လား။?"

" ကောင်လေး ခေါင်းခါလိုက်တယ်။"

" ကောင်လေးကြောက်တာဟာ ရန်ကုန်မြို့မှာ လူအများကြီးဆိုတော့ သူ့ကို တက်နင်းသွားမှာ ကြောက်တာအမှန်ပဲ။ လူပိတာခံရမှာ ကြောက်တယ်၊"

**"ကောင်းပြီ။ တနေ့ ငါ မင်းကို ရွှေတိဂုံ ဘုရားဆီ ခေါ်သွားမယ်။ ဘုန်း ကြီးကျောင်း လည်းပြမယ်၊ အဲဒီနေရာတွေဟာ သိပ်အေးချမ်းသာယာတဲ့ နေရာ တွေပဲ။"**

"ဟုတ်ပြီ တနေ့နေ့တော့၊ အခုတော့ မဟုတ်သေးဘူး။ အခုလောလော ဆယ် ဆယ်မှာ အလုပ်ကြိုးစားမယ်။"

သူကိုယ်တိုင်လည်း ထောင်ထဲမှာ လျှောက်သွားရင်း၊ သူများတွေ ခိုင်းတဲ့ အလုပ်

လုပ်နေတယ်။ တခါတလေ တဆောင်ကနေ တဆောင်၊ လူတွေ မတွေ့ အောင် သွားရင်း၊ လျှို့ ဝှက်စာ ပို့ပေးရတယ်။ ကောင်လေးဟာ စကားပြောသိပ်နည်းတယ်။ ဒါကြောင့် တချို့ ထောင်ကျ အကျဉ်းသားတွေဟာ 'အ' နေတယ်လို့ ထင်ထားကြတယ်။ ဒါကြောင့် ထောင်ဝန်ထမ်းတွေဟာလည်း ဒီကောင်လေးကို သူတို့ မလုပ်ချင်တဲ့ အလုပ်တွေကို တခါတလေ ခိုင်းတတ်ကြတယ်။

တခါတုန်းက ကောင်လေးအကြောင်းကို ထောင်မှူးကြီး ချီးမွမ်းခဲ့ဖူးတယ်။ ဒီကြွက်သတ်ကလေး လေးဟာ စကားမပြောပဲ နေနိုင်တယ်။ မင်းတို့လည်း သူ့လိုပဲ ပါးစပ်ပိတ်နိုင်ရင် ကောင်းမယ်။ 'သူ့ကို အတုယူကြ' ဆိုပဲ။ ကောင်လေး သိပ်ကျေနပ်သွားတယ်။ သူ ဘာကြောင့် မွေးကတည်းက စကားပြောနည်းလာသလဲ မသိပါ။

ဘာပဲဖြစ်ဖြစ် အဲဒါဟာ လျှို့ ဝှက်တဲ့ ကိစ္စတွေကို ထိန်းသိမ်းနိုင်တဲ့ အင်အားတခု ဖြစ်တယ်။ တခါတလေလည်း ထောင်ဝန်ထမ်းတွေရဲ့ ယုံကြည်မှုရတဲ့ ကောင်လေးကို၊ ထောင်ဆရာဝန်ကလည်း၊ မူးယစ်ဆေးဝါးတွေကို ထောင်အကျဉ်းသား လက်ထဲအရောက်ပို့ပေးဖို့၊ ကောင်လေးကို အားကိုးရတယ်။ အခုတော့ အလုပ်အသစ်ရပြီ။ သီချင်းငှက်လို့ အမည်ရတဲ့ တေဇဆိုတဲ့ အကျဉ်းသားကို ထမင်းပို့ပေးဖို့ အလုပ်ခန့်ခံရတယ်။

အကောင်သေးသေးလေးနဲ့ လက်တံ၊ ခြေတံ သွယ်သွယ်နဲ့ ဆိုတော့၊ ဘယ်နေရာ ဘယ်ချောင်မဆို လှစ်ခနဲ ဝပ်ပြေးပျောက်ကွယ်လို့ရတယ်။ ထောင်ထဲက အဆောင်တိုင်းရဲ့ အလေ့အထရယ်၊ ဘယ်သူကကြီးစိုးတယ် ဆိုတာလည်း ကောင်လေးသိတယ်။ ဒါပေမယ့် သူ့ကိုယ်သူ ဘာမှနားမလည်တဲ့ အသုံးမဝင်တဲ့ ကောင်လေးလိုပဲနေတယ်။ စကားမပြော ပေမယ့် ကောင်လေးဟာ သူလုံချည်ထဲမှာ မူးယစ်ဆေးဝါး၊ လက်နက်ပုံး၊ အရက်၊ စကားဝှက် တွေရေးထားတဲ့ စာရွက်တွေကို လူမမြင်အောင် သယ်ယူပို့ဆောင်နိုင်တယ်။ တခါတလေ တန်းစီးအတွက် သစ္စာရှိရှိ အမှုထမ်းသေးတတ်တယ်။ တန်းစီး ဦးကျားကြီးကို ကောင်လေး ဟာ တပါတ် (၃–၄) ခါ နှိပ်ပေး၊ နင်းပေးတယ်။ ဆေးမင်ကြောင်ထိုးထားတဲ့ ခါးနဲ့ ခြေ ထောက်တွေပေါ် တက်နင်းပေးရတာ သဘောကျတယ်။

တန်းစီးကြီးက ကောင်လေးကို ချစ်တယ်။ ဒါကြောင့် တခါတုန်းက ကောင်လေးကို သတိပေး ပြောကြားဖူးတယ်။ မင်းကို ဒီထောင်ထဲမှာ ဘယ်ကောင်ပဲဖြစ်ဖြစ် ဗိုလ်ကျခဲ့ရင် ငါ့ ကိုပြော။ ငါ ကောင်းကောင်းဆုံးမပေးမယ်။ တခါတလေ ကောင်လေးကို ချီမြှောက်ရင်း

ဆေးမှင်ထိုးထားတဲ့ ပုခုံးကြီးပေါ်ထမ်းရင်း လမ်းလျှောက်ပြီး သွားတတ်တယ်။ တခါတလေ တန်းစီးကြီးနဲ့ ရေပက်တန်း ကစားတယ်။ တခါတလေလည်း ထောင်ကျတွေနဲ့အတူ စကားပြောရင်း၊ ရယ်မောနေတတ်တယ်။

ကောင်လေးဟာ များသောအားဖြင့် ထိုင်းနိုင်ငံသား အကျဉ်းသားတွေနဲ့ နေတာ များတယ်။ တချို့ ယိုးဒယားတွေဟာ သူရဲ့သူငယ်ချင်းဖြစ်လာတယ်။ စကားသိပ်မပြောရပဲ သူငယ်ချင်းဖြစ်လာတယ်။

ဗမာထောင်ကျတွေဟာ တခါတလေ ဟိုးရှေးရှေးတုန်းက ဗမာဘုရင်တွေ၊ ယိုးဒယားတွေကို အမြဲဗိုလ်ကျ၊ အနိုင်ယူခဲ့တာ တွေပြော ပြောပြီး စတတ်တယ်။ လူကောင်းတွေဆိုရင် ဘယ်သူပဲဖြစ်ဖြစ် ကောင်လေး ပေါင်းသင်းတယ်။ ယိုးဒယားတွေကိုလည်း ဗမာစကား တလုံး၊ နှစ်လုံး သင်ပေးရင်း၊ ယိုးဒယားတွေဆီကလည်း သီချင်းတွေ သင်ခဲ့တယ်။ ဗမာစကားပြောတချို့လည်း ယိုးဒယားတွေ တတ်လာတယ်။ ယိုးဒယားတွေဟာလည်း ထောင်ထဲမှာ ကောင်လေးငယ်ငယ်လေးကို တွေ့ရတာ သိပ်အံ့သြကြတယ်။ ခင်လည်း ခင်တော့ ကောင်လေးကို အမြဲတခုခု ခေါ်ကျွေးတတ်တယ်။

**“ဒီ အုတ်တိုက်ကြီး၊ အုတ်တံတိုင်းကြီးဟာ ကောင်လေးအတွက် ကျောင်းဖြစ်တယ်။ ဘောလုံးကစားကွင်းလည်းဖြစ်တယ်။ သူ့အတွက် နေစရာ အိမ်လည်းဖြစ်တယ်။”**

သူငယ်ငယ် တုန်းက ရွာထဲမှာ ကောင်လေးတွေနဲ့အတူ ဘောလုံးကန်ခဲ့ဖူးတာကို ဘယ်တော့မှ မမေ့နိုင် ဘူး။ တကယ်ဆိုရင် သူဟာ အဲဒီတုန်းက ငယ်ငယ်လေးရှိသေးတယ်။

“ထိုင်းတွေဟာ ကောင်လေးကို သနားတယ်။”

**“ထိုင်းတွေပြောတာလည်း မှန်ပါတယ်။ ဒီလို ငယ်ငယ်ကောင်လေးဟာ ထောင်ထဲမှာ နေဖို့ လုံးဝမဖြစ်သင့်ဘူး။”**

**“တခါတလေ ညလယ်ခေါင်၊ သန်းခေါင်လောက်မှာ ကြောက်စရာအသံတွေ ကြားရတယ်။ နှိပ်စက်လို့ အော်ဟစ်တဲ့ အသံတွေကြားရတတ်တယ်။ ရန်ဖြစ်ပြီး၊ အော်သံတွေကြားရသလို၊ အကျဉ်းသားချင်း အနိုင်ကျင့်ပြီး၊ မုဒိမ်းကျင့်လို့ အော်ဟစ်ငိုကြွေးသံတွေ ကြားရတယ်။ ခွေးလှောင်အိမ်ထဲမှာ ခွေးကိုက်ခံရလို့ အော်ဟစ်တဲ့အသံလည်းရှိတယ်။”**

**“ဒါတွေဟာ ထောင်ထဲမှာ ရှိတဲ့ လူတွေကို ရှုံးသွပ်စရာ၊ ကြမ်းတမ်းစရာတွေ ဖြစ်လာတယ်။ ငိုကြွေးနေတဲ့ လူတွေ၊ သေခါးနီး ဒုက္ခခံစားနေရတဲ့သူတွေကို တွေ့ရတတ်တယ်။”**

“ဒါပေမယ့် ကောင်လေးဟာ သဘာဝ အကြောင်း တော်တော်နားလည်လာပြီ ဖြစ်တယ်။”

ကောင်လေးဟာ သူ့လုပ်အားနဲ့ ကြိုးစားမှုကြောင့် ဆေးပေါ့လိပ်တွေ၊ စားစရာတွေရတယ်။ သူ့ရဲ့ ဖူးလေးထဲမှာ အိမ်မြှောင်လေး တကောင်သိမ်းထားတယ်။ တကယ်လို့ အိမ်မြှောင်လေး ထွက်ပြေးသွားလည်း ကောင်လေး စိတ်မပူပါ။ ဘာကြောင့်လဲဆိုတော့ အိမ်မြှောင်ကို သူ ဘယ်အချိန်မဆို ဖမ်းလို့ရတယ် မဟုတ်လား။

တခါတလေ အိမ်မြှောင်ဆီ က အသံသေးသေးလေးနဲ့ သီချင်းဆိုတာ ကြားရတာ ပျော်တယ်။ ထောင်ထဲက လူအများဟာ ကောင်လေးကို ချစ်ကြလို့ “ညီလေး၊ ညီငယ်လေး” ဆိုပြီး ခေါ်ကြတယ်။ သူအပျော်ဆုံး အချိန်ဟာ သူသိမ်းထားတဲ့ အိမ်မြှောင်လေးကို ပိုးဖလံလေးတွေ ကျွေးရတဲ့အချိန်ပဲ။ အိမ်မြှောင်ကို သူက ညီလေးလို့ခေါ်တယ်။ သူ့မှာလည်း ညီလေး ရှိလာတယ်။

အပြင်လောကနဲ့ တနာရီလောက် ဘတ်(စ်)ကား စီးချိန်လောက်ဝေးကွာတဲ့ ဒီထောင်ကြီးထဲမှာ မေ့စရာတွေမေ့၊ သတိရစရာတွေ သတိရနဲ့ ကောင်လေးလည်း တဖြည်းဖြည်း အရွယ်ကြီးလာရင်း၊ သူ့ဘဝအတွက် အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ရင်း၊ ယခုဆယ်နှစ် နှစ်အရွယ်ကိုရောက်ရှိလာပါတယ်။